Message Five

## ယေရှု၌ရှိသော စစ်မှန်ခြင်းဖြစ်သည့် ခရစ်တော်ကို သင်ယူခြင်းအားဖြင့် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုအစား လူသစ်တစ်ဦး၏အသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၄း၂၀-၂၁။ မ၁၁း၂၈-၃၀။ ၁၄း၁၉။ ယော၅း၁၉၊ ၃၀။ ၇း၁၈။ ၁၀း၃၀

**I. ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းစံနှုန်းသည် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုအတိုင်း မဖြစ်ရဘဲ၊ ယေရှု၌ရှိသော စစ်မှန်ခြင်း၊ ကိုယ်တော် မြေကြီးပေါ် ရှိစဉ်က သခင်ယေရှုအသက်ရှင်ခဲ့သည့် စစ်မှန်ခြင်းအတိုင်း အသက်ရှင်ရမည်ဖြစ်သည် - ဧ၄း၂၀-၂၁။**

A. မြေကြီးပေါ် သခင်ယေရှု အသက်ရှင်ခဲ့သည့် နည်းလမ်းမှာ ယနေ့ လူသစ်တစ်ဦးက အသက်ရှင်ရမည့်နည်းလမ်းပင်ဖြစ်သည် - မ၁၁း၂၈-၃၀။ ယော၆း၅၇။ ၄း၃၄။ ၅း၁၇၊ ၁၉၊ ၃၀။ ၆း၃၈။ ၁၇း၄။

B. *ယေရှု၌ ရှိသော စစ်မှန်ခြင်း* (ဧ၄း၂၁) သည် ဧဝံဂေလိစာစောင်လေးစောင်၌ မှတ်တမ်းတင်ထားသည့် ယေရှု၏အသက်တာ အခြေအနေမှန်ကို ရည်ညွှန်းသည်။ ယေရှုသည် ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ခဲ့သည့် အသက်တာကို အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် သူ၏အသက်ရှင်ခြင်းဖြစ်ကာ၊ ကိုယ်တော်သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခဲ့သည်။

C. ယေရှုသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းဖြင့် အမြဲ ကိုက်ညီမှုရှိသည့် နည်းလမ်း၌ အသက်ရှင်ခဲ့သည်။ ယေရှု၏အသက်တာ၌ စစ်မှန်ခြင်း၏ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်းသည် အမြဲပင် ထင်ရှားပြသခြင်းရှိခဲ့သည် - အငယ်၂၄။

1. ယေရှု၏ လူသားအသက်ရှင်ခြင်းသည် စစ်မှန်ခြင်းအတိုင်း၊ တစ်နည်းဆိုသော် ဘုရားသခင်ကိုယ်တော်တိုင်အတိုင်း ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း ပြည့်ဝနေသည်။

2. ဤစစ်မှန်ခြင်း - ဘုရားသခင် ဘုန်းအသရေတော်နှင့် ထင်ရှားခြင်း - ၏ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း၌ လူသစ်သည် ဖန်ဆင်းခံရသည်။

D. ကျွန်ုပ်တို့သည် ခရစ်တော်ကို သင်ယူကာ စစ်မှန်ခြင်း၏အသက်တာကို အသက်ရှင်ရန် ကိုယ်တော်၌ သွန်သင်ခံရဖို့ လိုအပ်သည်။ ခရစ်တော်ကို သင်ယူခြင်းမှာ ခရစ်တော်၏စံနမူနာအထဲသို့ ပုံသွင်းခံရခြင်း၊ ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာခြင်း ဖြစ်သည် - အငယ်၂၀-၂၁။ ရော၈း၂၈-၂၉။ ၂ယော၁။ ယော၄း၂၃-၂၄။

E. စုပေါင်းထားသောပုဂ္ဂိုလ်အဖြစ် လူသစ်သည် စစ်မှန်ခြင်း၏အသက်တာ၊ ဘုရားသခင်ကို ထင်ရှားသည့်အသက်တာ တည်းဟူသော ယေရှု၌ရှိသည့် စစ်မှန်ခြင်းကို အသက်ရှင်သင့်ပေသည်။

F. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်အတိုင်း အသက်ရှင်မည်ဆိုလျှင် စုပေါင်းထားသောလူသစ်၏အသက်တာကို နေ့စဉ်အသက်ရှင်ခြင်း - ယေရှု၌ရှိသော စစ်မှန်ခြင်းနှင့် ကိုက်ညီမှုရှိသည့် အသက်ရှင်ခြင်း ရှိလိမ့်မည်ဖြစ်သည် - ဧ၄း၂၃။

**II. လူသစ်တစ်ဦး၏ အသက်ရှင်ခြင်းသည် ယေရှု၏အသက်ရှင်ခြင်းနှင့် အတိအကျ တူညီရမည်ဖြစ်သည်။ စုပေါင်းထားသော ဘုရား-လူဖြစ်သည့် လူသစ်တစ်ဦးအတွက် ကျွန်ုပ်တို့သည် ဘုရား-လူ၏အသက်တာကို အသက်ရှင်ရန်လိုအပ်သည် - ဖိ၁း၁၉-၂၁က။ ၃း၁၀။ ဧ၄း၂၀-၂၁။ ညွှန်း၊ ၁ယော၄း၁၇ မှတ်စု ၅။**

A. ခရစ်တော်၏ လူသားအသက်ရှင်ခြင်းမှာ လူက ဘုရားသခင်၏ဂုဏ်အင်လက္ခဏာများကို လူသားကောင်းမြတ်ခြင်းများ၌ ထင်ရှားရန် ဘုရားသခင်ကို အသက်ရှင်ခြင်းဖြစ်သည်။ ကိုယ်တော်၏လူသားကောင်းမြတ်ခြင်းများသည် ဘုရားဆိုင်ရာဂုဏ်အင်လက္ခဏာများနှင့် ဖြည့်ခြင်း၊ ရောနှောပေါင်းစည်းခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်း ရှိခဲ့သည် - လု၁း၂၆-၃၅။ ၇း၁၁-၁၇။ ၁၀း၂၅-၃၇။ ၁၉း၁-၁၀။

1. သခင်ယေရှုသည် မြေကြီးပေါ်တွင် အသက်ရှင်စဉ်က သူသည် လူတစ်ဦးဖြစ်သော်လည်း၊ ဘုရားသခင်အားဖြင့် အသက်ရှင်ခဲ့သည် - ယော၆း၅၇။ ၅း၁၉၊ ၃၀။ ၆း၃၈။ ၈း၂၈။ ၇း၁၆-၁၇။

2. သခင်ယေရှုသည် အရာခပ်သိမ်း၌ ဘုရားသခင်ကို အသက်ရှင်ကာ ဘုရားသခင်ကို ထင်ရှားခဲ့သည်။ ကိုယ်တော်၏ လုပ်ဆောင်ချက်မှန်သမျှသည် ကိုယ်တော်အတွင်းမှ၊ ကိုယ်တော်မှတစ်ဆင့် ဘုရားသခင်၏လုပ်ဆောင်ခြင်း ဖြစ်သည် - ၄း၁၀။

3. မာကုဇဝံဂေလိစာစောင်က သခင်ယေရှုအသက်ရှင်ခဲ့သည့် အသက်တာသည် ဘုရားသခင်၏မွေ့သစ်စီမံကိန်းအတိုင်း၊ ၎င်းအတွက် လုံးလုံးဖြစ်ခဲ့ကြောင်း ဖွင့်ပြထားသည်။

B. ပထမဆုံးဘုရား-လူ၏ ကျယ်ပြန့်ခြင်း၊ တိုးပွားခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်းအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်အသက်ရှင်ခဲ့သည့် အသက်တာမျိုးကို တူညီစွာ အသက်ရှင်သင့်ပေသည် - ၁ယော၊၂း၆။

1. သခင်ဘုရား၏ ဘုရား-လူအသက်ရှင်ခြင်းသည် ကျွန်ုပ်တို့၏ဘုရား-လူအသက်ရှင်ခြင်းအတွက် ပုံစံကို ချမှတ်ပေးထားသည်၊ ယင်းပုံစံမှာ ဘုရားသခင်သည် လူသားဇာတိ၌ ထင်ရှားခြင်းရှိရန် အသက်ရှင်ခြင်းငှာ ကားတိုင်ပေါ်အသေခံခြင်းဖြစ်သည် - ဂလ၊၂း၂၀။

2. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်ရမည်၊ ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဌာန်တူညီရမည်၊ ကိုယ်တော့်ဝိညာဉ်တော်၏ ကြွယ်ဝစွာ မစခြင်းအားဖြင့် ကိုယ်တော်ကို ကြီးမားထင်ရှားစေရမည်ဖြစ်သည် - မ၊၁၆း၂၄။ ဖိ၊၃း၁၀။ ၁း၁၉-၂၁က။

3. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပြုစုပျိုးထောင်ခြင်းအား ငြင်းပယ်ကာ၊ ဇာတိလူကို တည်ဆောက်ခြင်းအား စီရင်ရမည်ဖြစ်သည်။ ခရစ်ယာန်ကောင်းမြတ်ခြင်းများသည် ဘုရားဆိုင်ရာအသက်၊ ဘုရားဆိုင်ရာ သဘောသဘာဝနှင့် ဘုရားသခင်ကိုယ်တော်တိုင်သို့ အနှစ်သာရဆိုင်ရာ ဆက်နွှယ်နေကြောင်း သိမှတ်နားလည်ရန် လိုအပ်သည် - ဂလ၊၅း၂၂-၂၃။

4. ဘုရား-လူအသက်တာကို အသက်ရှင်ခဲ့သောသူသည် ယခု ကျွန်ုပ်တို့၌ ကျွန်ုပ်တို့မှတစ်ဆင့် အသက်ရှင်နေသည့် ဝိညာဉ်တော်ဖြစ်သည်။ ဤအရှင်မှတပါး ကျွန်ုပ်တို့ကို ဖြည့်ရန်နှင့် ကျွန်ုပ်တို့ကို သိမ်းပိုက်လွှမ်းမိုးစေရန် အခြားမည်သည့်အရာကိုမျှ အခွင့်မပေးသင့်ပါ - ၂ကော၊၃း၁၇။ ၁၃း၅။ ဧ၊၃း၁၆-၁၉။

5. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို သခင်ဘုရားထံသို့ ဖွင့်ပေးကာ၊ လုကာ၊၆း၃၆ တွင် ကိုယ်တော်၏ တိုက်တွန်းနှိုးဆော်ချက်ကို (ဝိညာဉ်၌၊ ဆုတောင်းခြင်းအနေအထားတွင်) လက်ခံရရန် လိုအပ်သည်၊ "သင်တို့အဖသည် သနားစုံမက်ခြင်း အပြည့်ရှိတော်မူသည့်နည်းတူ၊ သင်တို့သည်လည်း သနားစုံမက်ခြင်း အပြည့်ရှိကြလော့။" ကျွန်ုပ်တို့သည် သခင်ဘုရားအား သနားစုံမက်ခြင်းရှိတော်မူသောအရှင်အဖြစ် နံနက်တိုင်းတွင် ဆက်သွယ်ရန် လိုအပ်သည် - မြည်၊၃း၂၂-၂၃။ ရော၊၉း၁၅ မှတ်စု ၂။ ထွ၊၃၄း၆။ ဆာ၊၁၀၃း၈။ လု၊၁း၇၈-၇၉။ ၁၀း၂၅-၃၇။ ရော၊၁၂း၁။

## III. လူငါးထောင်အား မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် ကျွေးမွေးခြင်း အံ့ဖွယ်နိမိတ်လက္ခဏာကို ပြသခြင်း၌ သခင်ဘုရားက တပည့်တော်များအား ကိုယ်တော်ထံမှ သင်ယူကြရန် လေ့ကျင့်သင်တန်းပေးခဲ့သည် - မ၊၁၄း၁၄-၂၁။ ၁၁း၂၈-၃၀။

A. မဿဲ၊၁၄း၁၉ တွင် ကိုယ်တော်သည် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ယူပြီးလျှင် ၎င်းကို ကောင်းချီးပေးတော့မည့်အချိန်တွင် ကိုယ်တော်သည် ကောင်းကင်သို့ မျှော်ကြည့်ခဲ့သည်။

1. *ကောင်းကင်သို့ မျှော်ကြည့်ခြင်း* မှာ ကိုယ်တော်သည် အရင်းအမြစ်တည်းဟူသော ကောင်းကင်ရှိ ခမည်းတော်ကို မျှော်ကြည့်ကြောင်း ညွှန်ပြနေသည်။

   a. ဤသည်မှာ ကိုယ်တော်က ကောင်းချီးမင်္ဂလာ၏ အရင်းအမြစ်မှာ မိမိမဟုတ်ကြောင်း သိမှတ်နားလည်သည်ကို ညွှန်ပြနေသည်။ စေလွှတ်ခံရသူမဟုတ်ဘဲ စေလွှတ်သောသူဖြစ်သော ခမည်းတော်သည် ကောင်းချီးမင်္ဂလာ၏ အရင်းအမြစ်ဖြစ်သင့်သည် - ညွှန်း၊ ရော၊၁၁း၃၆။

   b. ကျွန်ုပ်တို့မည်မျှ လုပ်နိုင်ပါစေ သို့မဟုတ် ကျွန်ုပ်လုပ်ရမည့်အရာကို မည်မျှသိပါစေ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်သည့်အရာအပေါ် စေလွှတ်သောအရှင်ထံမှ ကောင်းချီးမင်္ဂလာကို လိုအပ်ကြောင်း သိမှတ်နားလည်ရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်၌ မကိုးစားဘဲ၊ ကိုယ်တော်၌ ကိုးစားခြင်းအားဖြင့် မစခြင်း၏ လမ်းကြောင်းများဖြစ်နိုင်ကြမည်ဖြစ်သည် - ညွှန်း၊ မ၊၁၄း၁၉ခ။ စာရင်း၊၆း၂၂-၂၇။

2. ကောင်းကင်ရှိ ခမည်းတော်ကို ကိုယ်တော်မျှော်ကြည့်ခြင်းမှာ မြေကြီးပေါ်တွင် သားတော်အနေဖြင့် ကောင်းကင်ရှိ ခမည်းတော်အားဖြင့် စေလွှတ်ခံရကာ၊ ခမည်းတော်နှင့် တစ်လုံးတစ်ဝရှိပြီး၊ ခမည်းတော်၌ ကိုးစားခဲ့ကြောင်း ရည်ညွှန်းသည် - ယော၊၁၀း၃၀။

a. ကျွန်ုပ်တို့သိသောအရာနှင့် ကျွန်ုပ်လုပ်နိုင်သောအရာသည် အချည်းနှီးသက်သက်ဖြစ်သည်။ သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် ကိုယ်တော်၌ ကိုးစားခြင်းသည် ကျွန်ုပ်တို့၏အမှုတော်၌ အရာခပ်သိမ်းဖြစ်သည် - ညွှန်း၊ ၁ကော၊ ၂း၃-၄။

b. ကောင်းချီးမင်္ဂလာသည် ကျွန်ုပ်တို့က သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ ကိုယ်တော်၌ ကိုးစားခြင်းအားဖြင့်သာ ရောက်လာသည် - ညွှန်း၊ ၂ကော၊၁း၈-၉။

3. သခင်ဘုရားသည် မိမိကိုယ်တော်တိုင်မှ မည်သည့်အရာကိုမျှ လုပ်ဆောင်ခြင်း မရှိပါ - ယော၊၅း၁၉။ ညွှန်း၊ မ၊၁၆း၂၄။

a. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်ကာ၊ မိမိတို့ကိုယ်တိုင်မှ မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် ရည်ရွယ်ချက် မရှိသင့်ပါ၊ သို့သော် ကိုယ်တော်ထံမှ အရာခပ်သိမ်းကို လုပ်ဆောင်ရန် ရည်ရွယ်ထားရမည်။

b. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ကာ၊ အတ္တကို ငြင်းပယ်ရမည်၊ ယေရှုခရစ်၏ဝိညာဉ်တော် ကြွယ်ဝစွာ မစမှုအားဖြင့် အခြားသော အသက်ကို အသက်ရှင်ရမည်ဖြစ်သည် - ဖိ၊၁း၁၉-၂၁က။

4. သခင်ဘုရားသည် မိမိ၏အလိုကို မရှာဘဲ၊ စေလွှတ်တော်မူသောသူ၏အလိုတော်ကိုသာ ရှာခဲ့သည် - ယော၊၅း၃၀ခ။ ၆း၃၈။ မ၊၂၆း၃၉၊ ၄၂။

a. ကိုယ်တော်သည် မိမိ၏ထင်မြင်ချက်၊ သူ၏ရည်ရွယ်ချက်နှင့် အကြံအစည်တို့ကို ငြင်းပယ်ခဲ့သည်။

b. ကျွန်ုပ်တို့အားလုံးသည် ဤအရာတစ်ခုအတွက် နိုးကြားသတိရှိနေရမည်၊ ယင်းမှာ ကျွန်ုပ်တို့သည် အလုပ်တစ်စုံတစ်ခုကို လုပ်ရန် စေလွှတ်ခံရသောအခါ မိမိတို့၏ပန်းတိုင်ကို ရှာရန် အခွင့်အရေး မယူသင့်ပါ။ ကျွန်ုပ်တို့သည် စေလွှတ်တော်မူသော ကျွန်ုပ်တို့သခင်ဘုရား၏ ထင်မြင်ချက်၊ အကြံအစည်၊ ရည်မှန်းချက်၊ ပန်းတိုင်နှင့် ရည်ရွယ်ချက်ကို ရှာရန်သာ သွားသင့်ပါသည် - ညွှန်း၊ ၁တိ၊၅း၂ခ။

5. သခင်ဘုရားသည် မိမိဘုန်းကို မရှာဘဲ၊ စေလွှတ်တော်မူသော ခမည်းတော်၏ ဘုန်းအသရေကိုသာ ရှာခဲ့သည် - ယော၊ ၇း၁၈။ ၅း၄၁။ ညွှန်း၊၁၂း၄၃။

a. ရည်မှန်းချက်ကြီးခြင်းသည် မိမိဘုန်းကို ရှာခြင်းဖြစ်သည် - ညွှန်း၊ ၃ယော၊၉။

b. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတ္တ၊ ကျွန်ုပ်တို့၏အကြံအစည်နှင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်တို့မှာ ကျွန်ုပ်တို့၏အလုပ်ရှိကြီးစွာ ဖျက်ဆီးခြင်းပြုနေသည့် "ပိုးကောင်"သုံးခုဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။ ၎င်းတို့ကို မုန်းရန် ကျွန်ုပ်တို့ သင်ယူရမည်ဖြစ်သည်။

B. ကျွန်ုပ်တို့သည် ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ သခင်ဘုရားအတွက် အမြဲပင် အသုံးခံခြင်း ရှိလိုလျှင်၊ ကျွန်ုပ်တို့၏အတ္တသည် ငြင်းပယ်ခြင်း ရှိရမည်၊ ကျွန်ုပ်တို့၏အကြံအစည်သည် စွန့်ပယ်ခြင်း ရှိရမည်၊ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် လူသစ်တစ်ဦးအဖို့အလို့ငှာ စွန့်လွှတ်ခြင်း ရှိရမည်ဖြစ်သည် - မ၊၁၆း၂၄။

© 2020 Living Stream Ministry